
Photo:Pyo Let Han

# စာတမ်းများပေးပို့ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံအတွင်း ဖမေးနစ်ဇင်နှင့် ဘေးဖယ်(ခံရ)မှု၊ ကြဉ်ခံရမှု အကြောင်းအရာများကို အဓိကထားဆွေးနွေးမည့် ဆွေးနွေးပွဲတစ်ခုကို လွတ်လပ်သော မြန်မာ့သုတေသနဂျာနယ် (Independent Journal of Burmese Scholarship) က ကျင်းပမည့် အစီအစဉ်ရှိပါသည်။

ဖမေးနစ်ဇင်၊ ကျား ပဓာနပြု ပုံစံ (patriarchy) အမျိုးမျိုးကို ဆန့်ကျင်တွန်းလှန်မှုကြောင့် ဘေးဖယ်ခံရမှု၊ လိင်ပေါ်အခြေခံသည့် မည်သူမည်ဝါဖြစ်မှု (identity) ကြောင့် သူတစ်ပါးကို ဘေးဖယ်ခြင်း၊ ဘေးဖယ်ခံရခြင်း အကြောင်းများကို ဆန်းစစ်လေ့လာထားသည့် စာတမ်းများ ပေးပို့ရန် ဖိတ်ခေါ်ပါသည်။ ကျွန်မတို့ ဂျာနယ်သည် မြန်မာပြည်နှင့် ပတ်သက်ပြီး အရေးကြီးသော်ငြား လူအများ ဆွေးနွေးလေ့ဆွေးနွေးထ မရှိသည့် အကြောင်းအရာများကို ဆွေးနွေးနိုင်ရန်နှင့် ပညာရှင်များ၊ အဖယ်ခံထားရသူများ ကိုယ်တိုင် ပြောဆိုနိုင်စရာ၊ ထိုသူများအတွက် ပြောပေးနိုင်မည့် နေရာတစ်ခုဖြစ်စေရန် ရွှည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် ဂျာနယ်ဖြစ်ပါသည်။ ထို့ကြောင့် ဖမေးနစ်ဇင်နှင့် ဘေးဖယ်(ခံရ)/ရောက်မှုနှင့် ဆိုင်သော စာတမ်းများကို ပညာရှင်များ၊ နိုင်ငံရေးနှင့် လူမှုဝန်းကျင် အပြောင်းအလဲအတွက် လှုပ်ရှားကြသူများမှ ပေးပို့ရေးသားရန် ဖိတ်ခေါ်ပါသည်။ ရွေးချယ်ခံရသော စာတမ်းရှင်များသည် ထားဝယ်မြို့၌ သုံးရက်တာကျင်းပမည့် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲတွင် ယင်းတို့၏ စာတမ်းများကို ဖတ်ကြားကြပါမည်။ ဆွေးနွေးပွဲအပြီးတွင် စာတမ်းများကို စုပေါင်း တည်းဖြတ်အချောသတ်ပြီး IJBS တွင် ပုံနှိပ်ဖော်ပြသွားပါမည်။ ထိုစာတမ်းများသည် မြန်မာပြည်၏ နိုင်ငံရေးနှင့်ယဉ်ကျေးမှုဘဝကြားမှ ဖမေးနစ်ဇင်နှင့် ဘေးဖယ်(ခံရ)/ရောက်မှုတို့ကို ပိုမိုနားလည်သဘောပေါက်စေရန် အထောက်အကူပြုမည်ဟု မျှော်လင့် ပါသည်။ စိတ်ပါဝင်စားသူမည်သူမဆို ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန်လည်း ဖိတ်ခေါ်ပါသည်။

RAINFALL GENDER STUDY ORGANIZATION




# Call for Papers

The Independent Journal of Burmese Scholarship announces a Workshop/ Conference on the Theme: Feminism and Marginality in Myanmar

We invite papers that examine feminism, marginality based on the resistance against all forms of patriarchy, and marginalized and marginalizing gender identities. As a journal devoted to giving voice to public intellectuals, marginalized voices, and the civic space vital to rational discourse on the important yet not-widely discussed issues in Myanmar, we invite applications from intellectuals and leading activists who can contribute to an original, rational, and historically informed dialogue on these issues. The participants selected will present their papers at an intensive three day workshop to be held in Dawei, Myanmar. Final papers revised on the basis of the discussion and debate will be published (both physically and digitally) in an issue of the IJBS. We hope and anticipate that this issue of the journal will represent an important advance in the understanding of feminism and issues of marginality in political and cultural life of Myanmar. The workshop will also serve as a public forum for anyone to attend and discuss these issues.

RAINFALL
GENDER STUDY ORGANIZATION




# အသေးစိတ်အချက်အလက်များ

၁။ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ထားဝယ်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၆ရက်နေ့မှ ၂၈ရက်နေ့အထိ ကျင်းပပါမည်။ တက်ရောက်ခွင့်ရသူများကို ရိန်းဖောဂျန်ဒါ လေ့လာရေးအဖွဲ့မှ  ဖိတ်ကြားပါမည်။ စာတမ်းများ၏ အရည်အသွေးပြည့်မီမှုပေါ်မူတည်၍ စာတမ်းဖတ်သူ ၁၂ယောက်မှ ၁၅ယောက်အထိ ဖိတ်ကြားနိုင်ရန် မျှော်လင့်ပါသည်။

၂။ စာတမ်းများကို နောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်ပါသည်။
-စာတမ်းရှင်များသည် ကိုယ်ရေးအကျဉ်းနှင့်တကွ စာလုံးရေ ၃၀၀ထက် မပိုသော စာတမ်းအကျဉ်းချုပ်ကို မြန်မာဘာသာနှင့်ဖြစ်စေ အင်္ဂလိပ်ဘာသာနှင့်ဖြစ်စေ rainfall.burma@gmail.com သို့ ပေးပို့နိုင်ပါသည်။
-ရွေးချယ်ခံရသူများကို ၂၀၁၉ခုနှစ် ဩဂုတ်လ ၇ရက်နေ့နောက်ဆုံးထားပြီး အကြောင်းကြားပါမည်။ ဖိတ်စာများကို ရိန်းဖောဂျန်ဒါလေ့လာရေးအဖွဲ့မှ ပေးပို့သွားပါမည်။
-စာတမ်းအပြည့်အစုံကို ၂၀၁၉ခုနှစ် စက်တင်ဘာလလယ်တွင် ပေးပို့ရပါမည်။

၃။ ထားဝယ်သို့ အသွားအပြန် ခရီးစရိတ်၊ ဆွေးနွေးပွဲအတွင်း အစားအသောက်နှင့် တည်းခိုစရိတ်အားလုံးကို ဂျာနယ်မှ ကျခံပါမည်။

၄။ ဂျာနယ်တွင်ပုံနှိပ်ရန်အဆင့်အထိ ရေးသားနိုင်သည့် စာတမ်းရှင်များကို ဥာဏ်ပူဇော်ခ ချီးမြှင့်သွားပါမည်။

RAINFALL
GENDER STUDY ORGANIZATION



Photo:Pyo Let Han

# Important Details

INDEPENDENT JOURNAL OF BURMESE SCHOLARSHIP
www.jounalofburmesescholarship.org

1. The workshop will be held in Dawei, –September 26-28, 2019. Participants will be the guests of Rainfall Gender Study Organization. We anticipate inviting between 12 and 15 people on the basis of the quality of their applications.
2. The deadline for applications to participate is July 31st, 2019.
— Applicants shall consist of a synopsis of the proposed paper either in English or Burmese (no longer than 300 words) together with a résumé/ curriculum vitae.
— all applications should be sent electronically to email address: rainfall.burma@gmail.com.
— Applicants will be informed of the results by August 7th 2019.
The invitations will be issued in the name of Rainfall.
— A substantial draft of the paper (either in English or Burmese) is required by mid September, 2019.
3. The journal will cover all local expenses (domestic airfare, food, accommodation).
4. A modest honorarium will be given to each participant on the delivery of a final draft paper suitable for publication in the IJBS.

RAINFALL
GENDER STUDY ORGANIZATION